ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၂၃ / ၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့ဖြင့် ရေးဆွဲဆောင်ရွက်ခဲ့ကြသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား နောက်ဆုံးလက်ခံဆောင်ရွက်ပေးမည့် သတ်မှတ်ရက်ကြေညာခြင်း**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သို့ပါ၍ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို အဆိုပါဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရမည် ဖြစ်ပါသည်။

၂။ သို့ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အတည်ပြုထုတ်ပြန်ခြင်းမပြုမီက အချို့သော ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယခင်ထုတ်ပြန်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ တင်ပြရန် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်များ ရှိနေပါသဖြင့် ကော်မရှင်အနေဖြင့် အဆိုပါအဆိုပြုချက်များ ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေတို့ဖြင့် အဆိုပြုချက်များ ပြင်ဆင်ရေးဆွဲလျက်ရှိကြသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အပိုဒ် ၂ ပါ သတ်မှတ်ရက်မတိုင်မီ အဆိုပြုချက်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပေးပို့တင်ပြကြရန်နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ကာ အဆိုပြုချက်များအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီသာ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(ပုံ)

ကျော်ဝင်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်